# ကလေးများအတွက်
## ဆုတောင်းပဋိညာဉ်

| | |
|---|---|
| **ကျေးဇူးတော်** | အဘဘုရား၊ ကျွန်ုပ်ကို ချစ်တော်မူသည့်အပြင် ကိုယ်တော်၏ ရင်သွေးတဦး ဖြစ်ခွင့် ရသည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ |
| **ချစ်ခြင်းမေတ္တာ** | ကိုယ်တော့်ကို ချစ်ပြီး မိန့်တော်မူသမျှအတိုင်း နာခံလိုက်လျှောက်နိုင်စေရန် မစတော်မူပါ။ |
| **ကရုဏာတော်** | ကိုယ်တော် ကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ အခြားသူများအပေါ် ချစ်နိုင်ရန် မစတော်မူပါ။ |
| **နောင်တရခြင်း** | ကျွန်ုပ်၏ အပြစ်များအတွက် တောင်းပန်ပါ၏။ ကျွန်ုပ်ကို သန့်ရှင်းစင်ကြယ်စေတော်မူပါ။ |
| **ချီးမွမ်းကိုးကွယ်ခြင်း** | စိတ်နှလုံးပါလျက် ကိုယ်တော်ကို ချီးမွမ်းထောမနာပြုပါမည်။ |
| **ဆက်ကပ်အပ်နှံခြင်း** | သခင်ယေရှုဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ အရှင်သခင် ဖြစ်တော်မူပါ၏။ ကျွန်ုပ် သွားရာလမ်းကို ပဲ့ပြင်တော်မူပါ။ |
| **ခိုလှုံကိုးစားခြင်း** | ကျွန်ုပ်အတွက် ကိုယ်တော်၏ အကြံအစည်တော်များကို သိရှိနားလည်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝစေတော်မူပါ။ |
| **ပုံသက်သေပြခြင်း** | ကိုယ်တော်၏ ကျေးဇူးတော်၊ သမ္မာတရားနှင့် ဖြောင့်မတ်စွာ တရားစီရင်ခြင်းအတွက် ကျွန်ုပ်ကို သံတမန်တဦး ဖြစ်စေတော်မူပါ။ |
| **တပည့်တော်ဖြစ်ခြင်း** | ကိုယ်တော်၏ ဘုန်းတော်အတွက်၊ အခြားသူများ ကိုယ်တော့်နောက်သို့ လိုက်လျှောက်စေရန်အတွက် ကျွန်ုပ်ကို အသုံးပြုတော်မူပါ။ |
| **ပိုင်သအုပ်စိုးတော်မူခြင်း** | သခင်ယေရှုဘုရား၏ နာမတော်မြတ်၌ ဆုတောင်းပါ၏။ အာမင်။ |

အတူတကွ သခင်ယေရှု၏ နောက်တော်သို့ လိုက်ခြင်း
*theprayercovenant.org/*children

# အလွတ်ကျက်ရန် ကျမ်းချက်များ

**ပျောက်သော သိုးဥပမာ • လု ၁၅:၁-၇** | ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ (၁ ယော ၃:၁)

**အာဗြံဟံအကြောင်း • က ၁၂:၁-၅** | သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့် ချစ်လော့ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်း ဖြစ်၏။ (မ ၂၂:၃၇၊ ၃၈)

**ကောင်းသော ရှမာရိ • လု ၁၀:၂၅-၃၇** | ငါ့ပညတ်ဟူမူကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်း ချစ်ကြလော့။ (ယော ၁၅:၁၂)

**ဆိုးညစ်သောကျွန် ဥပမာ • မ ၁၈:၂၁-၃၅** | ဒုစရိုက်အညစ်အကြေးကို အကုန်အစင် ဆေးကြော၍ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ (ဆာ ၅၁:၂)

**ခရစ္စမတ်အကြောင်း • လု ၂:၁-၁၀** | အိုထာဝရဘုရား ကျွန်ုပ်သည် စိတ်နှလုံး အကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်းပါမည်။ အံ့ဖွယ်သော အမှုတော်ရှိသမျှတို့ကို ပြဿန်ပါမည်။ (ဆာ ၉:၁)

**ပေတရု၏ မပြည့်စုံခြင်း • လု ၂၂:၅၄-၆၂** | ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ် လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ (လု ၉:၂၃)

**ဥပဇ္ဈာယ်ဆရာ • ယော ၁၄:၁၅-၃၁** | ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့။ (ဧ ၅:၁၈ ခ)

**သခင်ယေရှုနှင့် ကလေးသူငယ်များ • မ ၁၈:၁-၆** | နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ (ယော ၁:၁၄)

**တာရှုမြို့သား ရှောလုမှ ပေါလု ဖြစ်သွားခြင်း • တ ၉:၁-၂၂** | သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ (မ ၂၈:၁၉)

**မျက်စိကန်းသော ဗာတိမဲ • မာ ၁၀:၄၆-၅၂** | ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန် ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ (ဖိ ၂:၉)

©2019 The Prayer Covenant Inc. All rights reserved